# ရေခြားမြေခြား အခွင့်အလမ်းများ ရှာဖွေခြင်း


## ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းလုပ်သားများ၏ ဘဝနှင့် စိန်ခေါ်မှုများအား လေ့လာခြင်း

Myanmar Development Observatory

၂၀၂၃ ခုနှစ် နိုဝင်ဘာလ



# အစီရင်ခံစာ အနှစ်ချုပ်




ထိုင်းနိုင်ငံသည် ရွှေ့ပြောင်းလုပ်သားများအတွက် အားထားမှီခိုရာနေရာတစ်ခု ဖြစ်လာခဲ့ပြီး မြန်မာနိုင်ငံ၊ ကမ္ဘောဒီယားနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ (Lao PDR) တို့ အပါအဝင် အိမ်နီးချင်းနိုင်ငံများမှ လူများကို ဆွဲဆောင်နိုင်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ် ဧပြီလအထိ ကိန်းဂဏန်းများအရ ထိုင်းနိုင်ငံအတွင်း တရားဝင်လာရောက်သော ရွှေ့ပြောင်းလုပ်သားပေါင်း (၂.၅) သန်း နေထိုင်လျက် ရှိသည်ဟု ခန့်မှန်းပါသည်။ ထိုသူများသည် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရောက်ရှိလာကြသူများဖြစ်ပြီး ထိုသူများထဲမှ (၇၅) ရာခိုင်နှုန်းသည် မြန်မာနိုင်ငံမှ ဖြစ်ပါသည်။[၁] ထိုင်းနိုင်ငံတွင် ရွှေ့ပြောင်းလုပ်သားလိုအပ်ချက်သည် အမြဲရှိနေပြီး ဆက်လက်၍လည်း လိုအပ်နေဦးမည့် အလားအလာကို တွေ့ရှိရကာ လူဦးရေဆိုင်ရာ အပြောင်းအလဲများနှင့် နိုင်ငံ၏စီးပွားရေး ဆက်လက် ဖွံ့ဖြိုးတိုးတက်နေမှုများက ထိုလိုအပ်ချက်ကို ဖြစ်ပေါ်စေပါသည်။ ထိုင်းအစိုးရ (Royal Thai Government) သည် ရွှေ့ပြောင်းလုပ်သားထု၏ အရေးပါမှုကို အသိအမှတ်ပြုထားပြီး ဘေးကင်းလုံခြုံစွာ တရားဝင် လာရောက်နိုင်ရေးနှင့် ထိုင်းနိုင်ငံသားများ၏ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို ကာကွယ်စောင့်ရှောက်ပေးနေသည့် တစ်ပြိုင်တည်းတွင် ရွှေ့ပြောင်းလုပ်သားများ အလုပ်သမား အခွင့်အရေးနှင့် အလုပ်အကိုင်ဆိုင်ရာ အခွင့်အရေးများ ခံစားရရှိရေးအတွက် အရေးကြီးသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။

ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) က လက်ရှိ ထိုင်းနိုင်ငံတွင် နေထိုင်၊ အလုပ်လုပ်ကိုင်လျက်ရှိသော ရွှေ့ပြောင်းလုပ်သား စုစုပေါင်း လေးသန်းနှင့် ငါးသန်းကြား ရှိသည်ဟု ခန့်မှန်းထားပြီး အနီးဝန်းကျင်နိုင်ငံများမှ လာရောက်ကြသူများ ဖြစ်သည်ဟု ဆိုပါသည်။[၂] ထိုင်းနိုင်ငံ၏ တရားဝင်ကိန်းဂဏန်းများအရ စာရွက်စာတမ်း အထောက်

---

၁။ ရွှေ့ပြောင်းသွားလာနေထိုင်မှု လုပ်ငန်းအဖွဲ့ (MWG) – ဒုက္ခသည်များနှင့် နိုင်ငံမဲ့သူများ၏ အခွင့်အရေးများအတွက် စုပေါင်းအဖွဲ့ (CRSP) နှင့် မြန်မာ့အရေးဖိုရမ်၊ The Situation of Migrant Workers and Refugees in Thailand: Policy Recommendations and Reform of Concerned Laws, (ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းလုပ်သားများနှင့် ဒုက္ခသည်များ၏ အခြေအနေ – မူဝါဒဆိုင်ရာ အကြံပြုချက်များနှင့် သက်ဆိုင်ရာ ဥပဒေများအား ပြုပြင်ပြောင်းလဲရေး)၊ ၂၀၂၃ ဇွန်လ (၈) ရက်၊

၂။ Migration Context | IOM Thailand (ရွှေ့ပြောင်းသွားလာနေထိုင်မှု အခြေအနေ၊ ထိုင်းနိုင်ငံ IOM

အထားများရှိသည့် ရွှေ့ပြောင်းလုပ်သားများထဲမှ (၇၅) ရာခိုင်နှုန်းသည် မြန်မာနိုင်ငံမှ ဖြစ်ကြောင်း ညွှန်ပြနေပါသည်။ မြန်မာနိုင်ငံတွင်းရှိ ယိုယွင်းဆိုးရွားလာသော စီးပွားရေးနှင့် လုံခြုံရေးအခြေအနေများကို ထည့်သွင်းသုံးသပ်ကြည့်မည်ဆိုလျှင် တရားဝင်လမ်းကြောင်းများမှ လာရောက်သူ (၁.၉) သန်းအပြင် IOM မှ ခန့်မှန်းထားသည့် အဆိုပါရွှေ့ပြောင်းလုပ်သားအများစုသည် မြန်မာနိုင်ငံမှ လာရောက်သူများ ဖြစ်နိုင်ခြေ အလွန်ပင် မြင့်မားပါသည်။

ဤလေ့လာမှုသည် ၂၀၂၁ ခုနှစ် ဖေဖေါ်ဝါရီလနောက်ပိုင်း မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားဝင် သို့မဟုတ် တရားမဝင်လမ်းကြောင်းများမှ သွားရောက်ခဲ့ကြပြီး မြန်မာရွှေ့ပြောင်းလုပ်သားများကို အလုပ်ခန့်ထားမှု အများဆုံး ကဏ္ဍကြီး (၈) ခုထဲမှ ကဏ္ဍတစ်ခုတွင် လက်ရှိ အလုပ်လုပ်ကိုင် နေကြသည့် ရွှေ့ပြောင်းလုပ်သားများအား ကောက်ယူခဲ့သည့် စစ်တမ်းတစ်ခုပေါ်တွင် အခြေခံထားပါသည်။ ဤအစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ ထိုရွှေ့ပြောင်းလုပ်သားများ၏ လိုအပ်ချက်များနှင့် စိန်ခေါ်မှုများကို စိစစ်လေ့လာရန်ဖြစ်ပြီး အထောက်အထား စာရွက်စာတမ်း ရှိသူများရော၊ မရှိသူများကိုပါ ကျား/မ (ဂျန်ဒါ) နှင့် အလုပ်လုပ်ကိုင်နေသည့် ကဏ္ဍအလိုက်ခွဲခြား၍ ၎င်းတို့၏ လူမှုစီးပွားအခြေအနေကို အဓိကထားလေ့လာခဲ့သည်။ ဤစစ်တမ်းသည် ၂၀၂၁ခုနှစ် ဖေဖေါ်ဝါရီလ နိုင်ငံရေးအကျပ်အတည်း စတင်ဖြစ်ပွားခဲ့ရာမှ အလုပ်အကိုင်နှင့် သက်မွေးမှုလုပ်ငန်းများ အချိန်တိုအတွင်း ဆုံးရှုံးခဲ့ရပြီးသည့်နောက် အခြားဒေသများသို့ ရွှေ့ပြောင်းခဲ့ကြသည့် ထိခိုက်လွယ်နိုင်ခြေရှိသည့် လူအုပ်စုကို အဓိကဦးတည်ကာ ပထမဦးဆုံးအကြိမ် ကောက်ယူခဲ့သည့် စစ်တမ်းလည်း ဖြစ်ပါသည်။

မြန်မာရွှေ့ပြောင်းလုပ်သားပေါင်း (၂,၂၄၉) ဦးအား စစ်တမ်းကောက်ယူခဲ့ပြီး ထိုအထဲမှ (၆၃) ရာခိုင်နှုန်းသည် အထောက်အထားစာရွက်စာတမ်းများရှိကြပြီး (၃၇) ရာခိုင်နှုန်းမှာမူ မရှိကြပါ။ နမူနာအုပ်စုတစ်ခုလုံးတွင် ပါဝင်သည့် အမျိုးသားနှင့် အမျိုးသမီးအရေအတွက်သည် ညီမျှမှုရှိသော်လည်း စာရွက်စာတမ်းအထောက်အထားမရှိသည့် အမျိုးသမီးများ အချိုးအစား (နမူနာ အုပ်စု၏ ၂၂ ရာခိုင်နှုန်း) သည် စာရွက်စာတမ်းမရှိသည့် အမျိုးသားများအချိုးအစား (၁၆ ရာခိုင် နှုန်း) ထက် အနည်းငယ်ပို၍ မြင့်မားပါသည်။ စစ်တမ်းကောက်ယူခဲ့သည့် ရွှေ့ပြောင်းလုပ်သား အများစုသည် အသက် (၂၀) မှ (၃၉) နှစ်အတွင်းရှိ အသက်အရွယ်အုပ်စုဝင်များဖြစ်ကြပြီး စာရွက်စာတမ်း အထောက်အထားမရှိသည့် ရွှေ့ပြောင်းလုပ်သားများသည် ယေဘုယျအားဖြင့် အသက် (၂၀) ကျော်အရွယ်များ ဖြစ်ကြပါသည်။ ပညာရေးအရ ကြည့်လျှင် ဖြေဆိုသူများ၏ (၅၂) ရာခိုင်နှုန်းသည် မူလတန်းပညာရေးကိုပင် ဆုံးခန်းတိုင်အောင် သင်ယူခဲ့ကြခြင်းမရှိဘဲ နောက်ထပ် (၃၅) ရာခိုင်နှုန်းမှာလည်း မူလတန်းပညာရေးကိုသာ သင်ယူခဲ့ကြသူများ ဖြစ်သဖြင့် ကျောင်းသင်ပညာတတ်မြောက်မှု နည်းပါးနေကြောင်း ပြသနေပြီး ထိုအချက်သည် ၎င်းတို့ အလုပ်လုပ်ကိုင်နေရသည့် အခြေအနေများအပေါ် သက်ရောက်မှု ရှိနိုင်ပါသည်။ ယေဘုယျအား ဖြင့် စာရွက်စာတမ်း အထောက်အထားများ ကိုင်ဆောင်ထားကြသည့် ရွှေ့ပြောင်းလုပ်သားများတွင် သားသမီးများရှိကြပြီး ၎င်းတို့၏ သားသမီးများကို ထိုင်းနိုင်ငံသို့ ခေါ်ယူထားနိုင်ခြေ ပိုများပါသည်။ သို့သော် စာရွက်စာတမ်း အထောက်အထားမရှိသည့် ရွှေ့ပြောင်းလုပ်သားများမှာမူ ၎င်းတို့၏ ကလေးများအား မြန်မာနိုင်ငံတွင် ချန်ထားခဲ့ရသည်က များပါသည်။

ရွှေ့ပြောင်းသွားလာမှု ကုန်ကျစရိတ်များသည် အမျိုးမျိုးကွဲပြားကြောင်း တွေ့ရပါသည်။ စာရွက်စာတမ်းအထောက်အထား ရှိသည့် အမျိုးသားများသည် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ (၄၄၇.၆၅) ပေးခဲ့ရပြီး ကုန်ကျစရိတ် အများဆုံးဖြစ်ကာ စာရွက်စာတမ်းမရှိသည့် အမျိုးသား များကမူ အမေရိကန်ဒေါ်လာ (၂၈၃.၁၆) ခန့် ပေးခဲ့ရ၍ ကုန်ကျစရိတ် အနည်းဆုံး ဖြစ်ပါသည်။

ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းသွားလာမှု လုပ်ငန်းစဉ်သည် ရှုပ်ထွေးပြီး စိန်ခေါ်မှုများနှင့် ပြည့်နေပါသည်။ စာရွက်စာတမ်း အထောက်အထား ရှိသည့် ရွှေ့ပြောင်းလုပ်သားများသည် ယေဘုယျ အားဖြင့် လိုင်စင်ရအကျိုးဆောင်လုပ်ငန်းများ သို့မဟုတ် အလုပ်ရှင်များမှတစ်ဆင့် လာရောက် ကြခြင်း ဖြစ်သော်လည်း အထောက်အထားမရှိသည့် ရွှေ့ပြောင်းလုပ်သားများမှာမူ ၎င်းတို့နှင့် ရင်းနှီးသူ မိသားစု၊ မိတ်ဆွေ အဆက်အသွယ်များအပေါ် မှီခိုအားထားကြရပါသည်။ ထိုသို့သော အလွတ်သဘော အဆက်အသွယ်ကွန်ရက်များမှတစ်ဆင့် လာရောက်ခြင်းသည် ကုန်ကျစရိတ်သက်သာပြီး ပိုမိုမြန်ဆန်သော်လည်း လာဘ်ပေးလာဘ်ယူမှု၊ မဖွယ်မရာပြုမှုနှင့် လူကုန်ကူးခံရနိုင်သည့် အခြေအနေများအပါအဝင် စိန်ခေါ်မှုများစွာရှိကြောင်း အဓိကသတင်းအချက်အလက် ပေးသူနှင့် တွေ့ဆုံမေးမြန်းမှုများ (KII) တွင် ပါဝင်ဖြေဆိုပေးသူများက ပြောပြပါသည်။ သို့သော် မကြာခင်နှစ်များအတွင်းက အဆိုပါ စိန်ခေါ်မှုများနှင့်ပတ်သက်၍ အခြေအနေတိုးတက်မှုများ ရှိခဲ့ကြောင်းလည်း မှတ်သားရပါသည်။

ရွှေ့ပြောင်းသွားလာမှု ကုန်ကျစရိတ်များသည် အမျိုးမျိုးကွဲပြားကြောင်း တွေ့ရပါသည်။ စာရွက်စာတမ်း အထောက်အထားရှိသည့် အမျိုးသားများသည် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ (၄၄၇.၆၅) ပေးခဲ့ရပြီး ကုန်ကျစရိတ် အများဆုံးဖြစ်ကာ စာရွက်စာတမ်းမရှိသည့် အမျိုးသားများကမူ အမေရိကန်ဒေါ်လာ (၂၈၃.၁၆) ခန့် ပေးခဲ့ရ၍ ကုန်ကျစရိတ် အနည်းဆုံး ဖြစ်ပါသည်။ လူအများစုသည် မိသားစုများနှင့် မိတ်ဆွေများထံမှ စုဆောင်းထားငွေများ သို့မဟုတ် ချေးငွေများဖြင့် ရွှေ့ပြောင်းသွားလာနိုင်ရန် လိုအပ်သည့်ငွေကို ရှာကြံဖန်တီးကြရသဖြင့် တရားဝင်ရွှေ့ပြောင်းသွားလာမှုလမ်းကြောင်းများကို အသုံးပြုနိုင်ရေးတွင် ငွေရေးကြေးရေးဆိုင်ရာ အတားအဆီးများ ရှိနေကြောင်း ယူဆနိုင်ပါသည်။ ရွှေ့ပြောင်းလုပ်သားများ ပြောပြကြသည့် စိန်ခေါ်မှုများထဲတွင် ကုန်ကျစရိတ်မြင့်မားမှုနှင့် တရားဝင်စာရွက်စာတမ်း အထောက်အထားများ မရှိမှုတို့ ပါဝင်ပါသည်။ ရွှေ့ပြောင်းလုပ်သားများအဖို့ နိုင်ငံမှ မထွက်ခွာမီတွင်ရော၊ ထိုင်းနိုင်ငံသို့ ရောက်ရှိပြီးနောက်တွင်ပါ ယုံကြည်စိတ်ချရသည့် သတင်းအချက်အလက်နှင့် အထောက်အကူပြု ဝန်ဆောင်မှုများ မရရှိခဲ့ကြပါ။ တွေ့ရှိချက်များအရ ရွှေ့ပြောင်းလုပ်သားများကို ပံ့ပိုးကူညီသည့် အခြေခံအဆောက်အအုံများတွင် ကွာဟချက်များ ရှိနေကြောင်း ပေါ်လွင်ပြီး အထူးသဖြင့် စာရွက်စာတမ်းအထောက်အထားမရှိသော ရွှေ့ပြောင်းလုပ်သားများအတွက် ဖြစ်ပါသည်။ သတင်းအချက်အလက် ဖြန့်ဝေပေးခြင်း၊ ချေးငွေလက်လှမ်းမီ ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ဥပဒေရေးရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ပြုပြင်ပြောင်းလဲမှုများ ထပ်ဆောင်း လုပ်ဆောင်ရန် လိုအပ်နေကြောင်းကိုလည်း တွေ့ရှိချက်များက ညွှန်ပြနေပါသည်။

ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းလုပ်သားများ၏ အခြေအနေနှင့်စပ်လျဉ်း၍ ကျားမတန်းတူညီမျှ မရှိမှု ပုံစံအချို့ ရှိနေပြီး မြန်မာနိုင်ငံတွင် လက်ရှိ ဖြစ်ပွားနေသည့် ပဋိပက္ခများကြောင့် ထိုတန်းတူညီမျှ မရှိမှုများ ပိုမိုဆိုးရွားလာကြောင်းကို လေ့လာမှုက မီးမောင်းထိုးပြထားပါသည်။ အထောက် အထားစာရွက်စာတမ်း မရှိသည့် အမျိုးသမီးများသည် လုပ်ခလစာနည်းပါးခြင်း၊ အလုပ်ချိန် ရှည်ကြာခြင်းနှင့် ရိုင်းပျစွာ ပြောဆိုခံရမှုများကို ပို၍ ရင်ဆိုင်ကြုံတွေ့ကြရသည်။

ထိုင်းနိုင်ငံတွင် စာရွက်စာတမ်းအထောက်အထားများ ကိုင်ဆောင်ထားသည့် ရွှေ့ပြောင်းလုပ်သားများနှင့် ထိုအထောက်အထားများ မရှိကြသည့် ရွှေ့ပြောင်းလုပ်သားများကြား လုပ်ငန်းခွင် အခြေအနေများနှင့် အကျိုးခံစားခွင့်များ သိသာထင်ရှားစွာ ကွာခြားလျက်ရှိကြောင်း လေ့လာမှုတွင် တွေ့ရှိပါသည်။ အထောက်အထားစာရွက်စာတမ်းရှိသည့် အမျိုးသားများသည် ယေဘုယျအားဖြင့် လစာပိုများပြီး အလုပ်ချိန်ပိုနည်းပါသည်။ ထိုသို့အထောက်အထားမရှိသော ရွှေ့ပြောင်းလုပ်သားများ၊ အထူးသဖြင့် အမျိုးသမီးများသည် ပိုမိုဆိုးရွားပြင်းထန်သည့် လုပ်ငန်းခွင်အခြေအနေများ၊ လုပ်ခလစာနည်းပါးမှု၊ အကျိုးခံစားခွင့်နည်းပါးမှုများကို ရင်ဆိုင်တွေ့ကြုံကြရပါသည်။ ကဏ္ဍများအားလုံးတွင် အလုပ်သမားဥပဒေများကို လိုက်နာဆောင်ရွက်ရန် ကြပ်မတ်ထိန်းသိမ်းမှုများ မရှိကြောင်းကို တွေ့ရှိရပါသည်။

ရွှေ့ပြောင်းလုပ်သားများသည် မြန်မာနိုင်ငံတွင်ကျန်ခဲ့သည့် မိသားစုဝင်များကို ထောက်ပံ့ရန်အတွက် လွှဲပို့ငွေများ၏ အရေးပါမှုကိုလည်း ဖော်ထုတ်လေ့လာခဲ့ပါသည်။ စစ်တမ်းဖြေဆိုသူများ၏ (၅၁) ရာခိုင်နှုန်းခန့်သည် လွှဲပို့ငွေများကို မြန်မာနိုင်ငံသို့ ပြန်လည်ပေးပို့ခဲ့ကြပါသည်။ ထိုသို့ငွေများ ပြန်ပို့ရခြင်း အကြောင်းရင်းများထဲတွင် အများဆုံးတွေ့ရသည်မှာ ၎င်းတို့သည် မြန်မာနိုင်ငံသို့ ခဏတာမျှသာ ပြန်နိုင်သောကြောင့် ဖြစ်သည်။ လွှဲပို့ငွေများ ပြန်ပို့ခဲ့သူများသည် အလွတ်သဘော ငွေလွှဲပြောင်းမှု နည်းလမ်းများကို အများဆုံး အသုံးပြုခဲ့ကြပြီး ထိုနည်းလမ်းများကို အသုံးပြုခြင်းကြောင့် အခက်အခဲတွေ့သူ အလွန်နည်းပါးပါသည်။ သို့သော် မြန်မာနိုင်ငံ၏ တစ်စထက်တစ်စ ပိုမိုတင်းကျပ်လာသော ဥပဒေပြဋ္ဌာန်းချက်များကြောင့် လွှဲပို့ငွေများ ပေးပို့မှုအပေါ် ဖိအားများ ပိုမိုကျရောက်လာနိုင်ခြေ ရှိနေပါသည်။

ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းလုပ်သားများ၏ အခြေအနေနှင့်စပ်လျဉ်း၍ ကျားမတန်းတူညီမျှမရှိမှု ပုံစံအချို့ ရှိနေပြီး မြန်မာနိုင်ငံတွင် လက်ရှိ ဖြစ်ပွားနေသည့် ပဋိပက္ခများကြောင့် ထိုတန်းတူညီမျှ မရှိမှုများ ပိုမိုဆိုးရွားလာကြောင်းကို လေ့လာမှုက မီးမောင်းထိုးပြထားပါသည်။ အထောက်အထားစာရွက်စာတမ်း မရှိသည့် အမျိုးသမီးများသည် လုပ်ခလစာနည်းပါးခြင်း၊ အလုပ်ချိန် ရှည်ကြာခြင်းနှင့် ရိုင်းပျစွာ ပြောဆိုခံရမှုများကို ပို၍ ရင်ဆိုင်ကြုံတွေ့ကြရသည်။ ထို့အပြင် ကျားမရေးရာ ကိစ္စများအတွက် ကူညီပံ့ပိုးပေးသည့် စနစ်များအား လက်လှမ်းမီမှု အကန့်အသတ်ရှိနေပြီး အထောက်အထားစာရွက်စာတမ်း မရှိသည့် အမျိုးသမီး

ရွှေ့ပြောင်းလုပ်သားများအဖို့ လက်လှမ်းမီမှု ပိုမိုနည်းပါးပါသည်။ ထိုကဲ့သို့ အဖွဲ့အစည်း၊ စနစ်ပိုင်းဆိုင်ရာ ကူညီ ပံ့ပိုးမှုများ မရှိခြင်းသည် ကုမ္ပဏီများတွင် မဖြစ်မနေ လိုက်နာရမည့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု မူဝါဒများ မရှိခြင်းကြောင့် ဖြစ်ပြီး မူဝါဒပိုင်းဆိုင်ရာ ကွာဟချက်များကို ဦးတည် ဖြည့်ဆည်းသည့် လုပ်ဆောင်မှုများအား အရေးတကြီး လုပ်ဆောင်ရန် လိုအပ်နေကြောင်း သုံးသပ်နိုင်ပါသည်။ ထို့အပြင် စစ်တမ်းကောက်ယူခဲ့သည့် နမူနာအုပ်စုသည် အထောက်အထားမရှိသည့် အမျိုးသမီးရွှေ့ပြောင်းလုပ်သားများအား ကိုယ်စားပြုနိုင်မှု နည်းပါးနေနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အထောက်အထား စာရွက်စာတမ်းများ မရှိခြင်းကြောင့် ၎င်းတို့ထံ ဆက်သွယ်ရန် ခက်ခဲသောကြောင့် ဖြစ်သည်။ ထိုအချက်ကြောင့်လည်း ၎င်းတို့သည် အခြားရွှေ့ပြောင်းလုပ်သားများနှင့် မတူကွဲပြားသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့ရနိုင်ခြေ ပိုများပါသည်။

ထိုင်းနိုင်ငံရှိ အထောက်အထားရှိနှင့် အထောက်အထားမရှိသည့် မြန်မာရွှေ့ပြောင်းလုပ်သားများ ကြား စိတ်ကျန်းမာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့အား လက်လှမ်းမီမှုဆိုင်ရာတွင်လည်း သိသာထင်ရှားစွာ ကွဲပြားနေကြောင်း လေ့လာမှုက ဖော်ပြနေပါသည်။ စိတ်ကျန်းမာရေးချို့တဲ့မှုသည် အထောက်အထားမရှိသည့် ရွှေ့ပြောင်းလုပ်သားများကြား ပိုမိုအဖြစ်များနေပြီး ထိုသူများသည် ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီအသုံးပြုနိုင်မှုတွင်လည်း အခြားသူများနှင့် နှိုင်းယှဉ်လျှင် အကန့်အသတ်ရှိပါသည်။ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီအသုံးပြုနိုင်မှုသည် နေရာဒေသအလိုက် ကွာခြားမှုရှိနေပြီး ဘန်ကောက်မြို့တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၏ လွှမ်းခြုံနိုင်မှုသည် အမြင့်မားဆုံး ဖြစ်ပါသည်။ ရွှေ့ပြောင်းလုပ်သားများအား ၎င်းတို့၏ အလုပ်လုပ်ခွင့်ပါမစ်ပေါ် မူတည်၍ သတ်မှတ်ထားသည့် ဆေးရုံများတွင် မှတ်ပုံတင်ပေးသည့်စနစ်ကြောင့် ၎င်းတို့ နေရာပြောင်းရွှေ့ရလျှင် ကျန်းမာရေးစောင့်ရှောက်မှုများ ရယူနိုင်ရေး အဟန့်အတား ဖြစ်စေပါသည်။ စာရွက်စာတမ်းရှိသူနှင့် မရှိသူ ရွှေ့ပြောင်းလုပ်သားများကြား ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိရေး စိန်ခေါ်မှုများမှာ ကွာခြားပြီး တရားဝင်စာရွက်စာတမ်းများ မရှိခြင်းသည် အဓိကကျသည့် အရေးကိစ္စတစ်ခု ဖြစ်ပါသည်။ လေ့လာမှုမှ တွေ့ရှိချက်များအရ တရားဝင်ဖြစ်အောင်ပြုလုပ်ရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ၏ နေရာဒေသလွှမ်းခြုံမှု တိုးချဲ့ရေးသည် အလေးထား ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်များ ဖြစ်ပါသည်။ သားဆက်ခြားကျန်းမာရေးအကြောင်း နားလည်သိရှိမှုနှင့် ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်ရေးကဲ့သို့သော စိန်ခေါ်မှုများမှာလည်း စာရွက်စာတမ်းမရှိသည့် ရွှေ့ပြောင်းလုပ်သားများ ထပ်ဆောင်းကြုံတွေ့ကြရသည့် စိန်ခေါ်မှုများဖြစ်ပြီး ထိုစိန်ခေါ်မှုများက အခြေအနေကို ပိုမိုရှုပ်ထွေးစေပါသည်။ ရွှေ့ပြောင်းလုပ်သား သားသမီးအများစုသည် အစိုးရကျောင်းများတွင် တက်ရောက်နေကြသော်လည်း စာရွက်စာတမ်း ကိုင်ဆောင်ထားမှု အခြေအနေပေါ် မူတည်၍ ရွှေ့ပြောင်းလုပ်သား သားသမီးများ၏ ကျောင်းတက်နှုန်းများတွင်လည်း ကွာခြားမှုများ ရှိကြောင်း တွေ့ရပါသည်။ ဤအခြေအနေများ တိုးတက်ကောင်းမွန်လာစေဖို့ဆိုလျှင် ရွှေ့ပြောင်းလုပ်သားများအား တရားဝင် စာရွက်စာတမ်းများရရှိအောင် ဆောင်ရွက်ပေးရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၏ လွှမ်းခြုံနိုင်မှုကို တိုးချဲ့ပေးရေးတို့သည် အဓိကကျပါသည်။

ယခင် ဆောင်ရွက်ခဲ့သည့် UNDP လေ့လာမှုတစ်ခုတွင် မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်းကဏ္ဍ ကျဆင်းမှုကြောင့် အလုပ်အကိုင်ဆုံးရှုံးခဲ့ရသူများအတွက် အခက်အခဲ ရင်ဆိုင်ကျော်လွှားသည့် နည်းလမ်းများထဲမှ တစ်ခုသည် ရွှေ့ပြောင်းသွားလာခြင်း ဖြစ်ကြောင်း တွေ့ရှိခဲ့ပါသည်။ ဤစစ်တမ်း၏ နမူနာအုပ်စုတွင် ၂၀၂၂ ခုနှစ်နောက်ပိုင်း အထည်ချုပ်လုပ်သားအဖြစ် ထိုင်းနိုင်ငံတွင် လုပ်ကိုင်နေသူ (၃၁၂) ဦး ပါဝင်ပြီး ၎င်းတို့ထဲမှ (၆၅) ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကာ (၇၂) ရာခိုင်နှုန်းသည် အထောက်အထား စာရွက်စာတမ်း ကိုင်ဆောင်ထားသူများ ဖြစ်ပါသည်။ စာရွက်စာတမ်းမရှိသော ရွှေ့ပြောင်းလုပ်သားများ အတွက် အလုပ်လုပ်ကိုင်ရသည့် အခြေအနေများသည် ခက်ခဲကြောင်းတွေ့ရှိရပြီး အထူးသဖြင့် တက်ခ်ပြည်နယ်တွင် ဖြစ်ကာ အခက်အခဲများတွင် လွတ်လပ်စွာသွားလာခွင့် ကန့်သတ်ခံရခြင်းနှင့် အနိမ့်ဆုံးလစာသတ်မှတ်ချက်ထက် ပိုမိုနည်းပါးသည့် လုပ်ခလစာများကိုသာ ရရှိခြင်းတို့ပါဝင်ပါသည်။ ကျားမခွဲခြား ဆက်ဆံမှုများလည်း အဖြစ်များပြီး အထူးသဖြင့် စာရွက်စာတမ်း မရှိသူများ ပိုမိုရင်ဆိုင်ကြရကာ လုပ်ခလစာ တန်းတူညီမျှမရရှိခြင်းနှင့် ကိုယ်ဝန်ရှိခြင်းကြောင့် အလုပ်ရပ်ဆိုင်းခံရခြင်းများကို ကြုံတွေ့ရသူ အများအပြား ရှိပါသည်။ ထိုမျှသာမက ထိုသို့ခွဲခြားဆက်ဆံမှုများကို တားမြစ်သည့် တရားဝင်မှု

ဝါဒများ နေရာအတော်များများတွင် မရှိသဖြင့် လုပ်ငန်းခွင် ကာကွယ်စောင့်ရှောက်မှုများ တိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်ရန် လိုအပ်နေကြောင်း ထင်ရှားစွာ တွေ့ရှိရပါသည်။

ထိုင်းနိုင်ငံတွင် တရားဝင်အလုပ်လုပ်နိုင်ရေး ရည်ရွယ်ကြိုးစားကြသည့် ရွှေ့ပြောင်းလုပ်သားများအတွက် အရေးကြီးသည့် စိန်ခေါ်မှုများကိုလည်း စစ်တမ်းကဖော်ထုတ်နိုင်ခဲ့ပါသည်။ စာရွက်စာတမ်းမရှိသည့် ရွှေ့ပြောင်းလုပ်သားများကြားတွင် နိုင်ငံသို့ ပြန်ပို့ခံရမည်ကို ကြောက်ရွံ့မှုက တရားဝင်စာရွက်စာတမ်းများ လျှောက်ထားခြင်း မပြုရဲအောင် ဟန့်တားထားပါသည်။ ထို့ကြောင့် တရားဝင်ဖြစ်ရေး လုပ်ဆောင်သည့် လုပ်ငန်းစဉ်အတွင်း နိုင်ငံသို့ ပြန်မပို့ပါ ဟူသည့်အချက်ကို အာမခံချက်ပေးရန် လိုအပ်ကြောင်း ပြသနေပါသည်။ နောက်ထပ်ကြီးမားသည့် အတားအဆီးတစ်ခုမှာ တရားဝင်စာရွက်စာတမ်းများ ရရှိရေး ကျခံသုံးစွဲရမည့် ငွေရေးကြေးရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုး ဖြစ်ပါသည်။ ဤသည်မှာ ရွှေ့ပြောင်းလုပ်သားများကြား စာရွက်စာတမ်း ရှိသူကိုရော၊ မရှိသူကိုပါ သက်ရောက်မှု ရှိပါသည်။ ထိုအတားအဆီးများကို လျှော့ချနိုင်ရေးအတွက် ရိုးရှင်းလွယ်ကူပြီး ကုန်ကျစရိတ်သက်သာသည့် ဗီဇာနှင့် အလုပ်လုပ်ခွင့်ပါမစ် လျှောက်ထားမှု လုပ်ငန်းစဉ်ကို ချမှတ်ဆောင်ရွက်ပေးရန် တိုက်တွန်းပါသည်။ ထို့အပြင် တရားဝင်ရွှေ့ပြောင်းသွားလာမှု လမ်းကြောင်းများနှင့် ထိုင်းနိုင်ငံတွင် နေထိုင်စဉ်အတွင်း ရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးများအကြောင်း သတင်းအချက်အလက် ကွာဟချက်မှာလည်း ကြီးမားကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် တရားဝင်စာရွက်စာတမ်းများ ရရှိအောင် မည်သို့ လုပ်ဆောင်ရမည် ဟူသည့် ရှင်းလင်းတိကျသော သတင်းအချက်အလက်များအား ဘာသာစကား အမျိုးမျိုးဖြင့် လူတိုင်းလက်လှမ်းမီမှု ပိုရှိအောင် ဖြန့်ဝေပေးရန် လိုအပ်နေကြောင်း အလေးပေးတင်ပြလိုပါသည်။ ထို့အပြင် လက်ရှိ တရားဝင်ရွှေ့ပြောင်းသွားလာနေထိုင်မှုအတွက် ရွေးချယ်နိုင်သည့် နည်းလမ်းများသည် လုပ်သားလိုအပ်ချက် ပြည့်မီရေး လုံလောက်မှု မရှိကြောင်း၊ အထူးသဖြင့် နယ်စပ်ဒေသများ၏ ပြင်ပရှိ ကာလတိုအလုပ်အကိုင်များအတွက် လုံလောက်မှု မရှိကြောင်း စစ်တမ်းက ဖော်ပြနေပါသည်။ ထို့ကြောင့် ထိုနည်းလမ်းများကို တိုးချဲ့ပေးအပ်ခြင်းဖြင့် ထိုင်းနိုင်ငံ၏ စီးပွားရေးအတွက် အကျိုးရှိမည်ဖြစ်သလို ရွှေ့ပြောင်းလုပ်သားများအဖြစ် လာရောက်လုပ်ကိုင်မည့်သူများအတွက်လည်း အကျိုးရှိမည်ဖြစ်ပါသည်။

ဤတွေ့ရှိချက်များအရ ထိုင်းနိုင်ငံတွင် တရားဝင်ရွှေ့ပြောင်းသွားလာနေထိုင်မှုကို အားပေးမြှင့်တင်ရန်၊ စာရွက်စာတမ်း ရှိသော ရွှေ့ပြောင်းလုပ်သားများကိုရော၊ မရှိသော လုပ်သားများကို ကူညီပံ့ပိုးမှုများ တိုးမြှင့်ပေးအပ်ရန်နှင့် လုပ်ငန်းခွင်အခြေအနေများ တိုးတက်ကောင်းမွန်ရေး အားပေးပံ့ပိုးရန် လိုအပ်နေမှုကို တွေ့ရှိရသဖြင့် အောက်ပါတို့ကို ဆောင်ရွက်ရန် အကြံပြု တင်ပြပါသည် –

၁။ ထိုင်းနိုင်ငံတစ်နိုင်ငံလုံးရှိ လုပ်သားလိုအပ်ချက်ကို လျှင်မြန်စွာ ဖြည့်ဆည်းပေးနိုင်မည့် ပိုမိုပြောင်းလွယ်ပြင်လွယ်ရှိသည့် ဗီဇာလျှောက်ထားမှု နည်းလမ်းများကို ပေးအပ်မည်ဆိုလျှင် အကျိုးရှိပါလိမ့်မည်။ အလုပ်ရှင်များအတွက် ရွှေ့ပြောင်းလုပ်သား ငှားရမ်းသည့် လုပ်ငန်းစဉ်အား ရိုးရှင်းလွယ်ကူအောင် လုပ်ဆောင်ပေးခြင်းဖြင့် ဘေးအန္တရာယ်ကျရောက်နိုင်ခြေ များပြားလှသည့် တရားမဝင် ရွှေ့ပြောင်းသွားလာနေထိုင်မှုများ ပြုလုပ်လိုမှုအားများစွာ လျှော့ချပေးနိုင်မည်ဖြစ်သည်။

၂။ ရွှေ့ပြောင်းလုပ်သားများအတွက် ကျန်းမာရေးအာမခံ ပေးအပ်မှုနှင့် ဆေးရုံများတွင် ဆေးကုသခွင့် တိုးမြှင့်ရရှိစေခြင်းဖြင့် ထိုဝန်ဆောင်မှုများကို အသုံးပြုချင်လာအောင် ဆွဲဆောင်စည်းရုံးနိုင်ပါသည်။ အခြားရွေးချယ်စရာ မရှိတော့သည့်အဆုံး ရွှေ့ပြောင်းသွားလာနေထိုင်ရန် ရွေးချယ်ခဲ့ရသည့် မြန်မာပြည်သူများအဖို့ စိတ်ဖိစီးမှုအတိုင်းအတာသည် မြင့်မားနေမည်ဖြစ်သည်နှင့်အညီ လိုအပ်သူများကို ဦးတည်၍ စိတ်ကျန်းမာရေး ပံ့ပိုးဝန်ဆောင်မှုများ ပေးအပ်ခြင်းဖြင့် မြန်မာရွှေ့ပြောင်းလုပ်သားများကြား စိတ်ကျန်းမာရေးပြဿနာ ကြီးထွားများပြားလာမှုကို လျှော့ချပေးနိုင်မည်ဖြစ်သည်။

၃။ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမှုနှင့် တာဝန်ခံမှုအားကောင်းစေခြင်း၊ လုပ်သားများစုပေါင်း၍ အလုပ်ရှင်နှင့် ဆွေးနွေးညှိနှိုင်းခွင့်ကို အားပေးမြှင့်တင်ခြင်းနှင့် အနိမ့်ဆုံး လစာသတ်မှတ်ချက်ကို လိုက်နာရန် ကြပ်မတ်ထိန်းသိမ်းခြင်းများသည် ရွှေ့ပြောင်းလုပ်သားများ၏ လုပ်ငန်းခွင်အတွေ့အကြုံများကိုများစွာ တိုးတက်ကောင်းမွန်လာစေမည်ဖြစ်ပါသည်။

၄။ ရွှေ့ပြောင်းလုပ်သားများ၏ ကလေးများအတွက် ပြဋ္ဌာန်းချက်များနှင့် ပံ့ပိုးကူညီမှုများ မရှိခြင်းက ရွှေ့ပြောင်းလုပ်သားမိသားစုများအား မရေရာလှသည့် အခြေအနေများကို ရင်ဆိုင်ရစေပြီး ကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေနိုင်ပါသည်။ မြန်မာနိုင်ငံရှိ ပိုမိုဆိုးရွားယိုယွင်းလာသော အခြေအနေများကို ထည့်သွင်းစဉ်းစား၍ ထိုမိသားစုများကို ကာကွယ်စောင့်ရှောက်ပေးရန်အတွက် လက်ရှိ မူဝါဒများကို မဖြစ်မနေ ပြန်လည်ပြင်ဆင်ပေးဖို့ လိုအပ်နေပါသည်။ သို့မဟုတ်ပါက တရားမဝင် ရွှေ့ပြောင်း သွားလာမှု လမ်းကြောင်းများကို ရွေးချယ်သူ ပိုမိုများပြားလာသည်ကို မြင်တွေ့ရနိုင်သည့် အန္တရာယ် ရှိပါသည်။

၅။ ရွှေ့ပြောင်းသွားလာနေထိုင်မှု၏ အပိုင်းကဏ္ဍအများအပြားတွင် ကျားမရေးရာ တန်းတူညီမျှ မရှိမှုများ ကြီးမားစွာ ရှိနေသည်ကို အချက်အလက်များက ဖော်ပြနေပါသည်။ ဤကိစ္စအားကိုင်တွယ်ဖြေရှင်းရန်အတွက် ကျားမရေးရာ အသိပညာပေးခြင်းနှင့် ထိုသို့ တန်းတူညီမျှ မရှိမှုများကို ပိုမို နားလည်သိရှိလာအောင် အသိပညာမြှင့်တင်မှုများ ပြုလုပ်ပေးရန် အလွန်ပင် အရေးကြီးပါသည်။ မြန်မာနိုင်ငံမှ ရွှေ့ပြောင်းလုပ်သားများကြောင့် အဓိက အကျိုးခံစားခွင့် ရရှိနေသည့် ထိုင်းနိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍသည် ပြည်တွင်းရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ သက်ဆိုင်ရာ အစိုးရဌာနများနှင့်အတူ တင်ပြခဲ့သော အပြောင်းအလဲများကို ဖော်ဆောင်ရာတွင် အခန်းကဏ္ဍ တစ်ခုမှ ပါဝင် ဆောင်ရွက်ရန် တာဝန်ရှိပါသည်။

ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်
အမှတ် ၆၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊
ရန်ကုန် ၁၁၂၁၁၊ မြန်မာ၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဖုန်း – +၉၅(၁) ၅၄၂၉၁၀ မှ ၁၉ အထိ
ဖက်စ် – +၉၅ (၁) ၅၄၄ ၅၃၁
အီးမေးလ် – registry.mm@undp.org
www.mm.undp.org